## ကျွမ်းကျင်

# #၁ The Book of Foundations

## ၁။ ကျွမ်းကျင်၏ နိဒါန်း

ကျွမ်းကို အတိုချုပ်မိတ်ဆက်ခြင်း။

- " အမြိတကဲတို့သည် ပျက်လျှင် ဖြောင့်မတ်သောသူသည် အဘယ်သို့ ပြုနိုင်သနည်း။" (ဆာလံ - ၁၁: ၃)
- ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ထဲမှ အခြေခံအုတ်မြစ် (အမြိတကဲ)တို့အားဖြင့် သာလျှင် ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို နားလည်နိုင်စွမ်း၊ ရွေးချယ်နိုင်စွမ်းနှင့် ဆက်ကပ်နိုင်စွမ်းရရှိနိုင်သည်။
- ကျွန်ုပ်တို့၏_________________ ဘဝအသက်တာသည် အခြေခံအုတ်မြစ်တို့၏ အခြေခံ အုတ်မြစ် ဖြစ်တော်မူ ထသော ထာဝရဘုရားသခင်၏ အခြေခံအုတ်မြစ်နှင့် နီးကပ်စွာတထပ်တည်း ဘယ်လိုအသက်ရှင် နိုင်သလဲ ဆိုတဲ့ အပေါ်မှာ မူတည်ပါသည်။

  "အဘယ်စင်စစ် ငါ့ဝိညာဉ်သည် ဘုရားသခင်ရှေ့မှာ ငြိမ်ဝပ်စွာ နေတတ်၏။ ငါမျှော်လင့်ခြင်း အကြောင်းသည် အထံတော်ကသက်ရောက်ရ၏။ အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကိုကယ်တင်ခြင်းအကြောင်း၊ ငါခိုလှုံရာဖြစ်တော်မူ၍၊ ငါသည် လှုပ်ရှားခြင်းမရှိရာ၊ ငါ့ကိုကယ်တင်ခြင်းအကြောင်း၊ ငါ၏ဘုန်းပွင့်ခြင်း အကြောင်း ကား ဘုရားသခင်ပေတည်း။ ငါ့ကိုအားပေးသော ကျောက်၊ ငါခိုလှုံရာကား ဘုရားသခင်ပေတည်း။ အိုသူများတို့ ဘုရားသခင်၌ အစဉ်မပြတ် ခိုလှုံကြလော့။ ရှေ့တော်၌စိတ်နှလုံးကို ဖွင့်ပြကြလော့။ ဘုရားသခင်သည် ငါတို့ခိုလှုံရာ ဖြစ်တော်မူ၏။"(ဆာလံ ၆၂း၅-၈)

ကမ္ဘာဦး ကျမ်း၏ အရေးကြီးပုံ

ဓမ္မ

ဟောင်း

ဟေဗြဲ

ကျမ်းစာ

ယေရှု

**ပညတ်တိကျမ်း (The Law)**

၁. ကမ္ဘာဦးကျမ်း

၂.ထွက်မြောက်ရာကျမ်း

၃.ဝတ်ပြုရာကျမ်း

၄. တော်လည်ရာကျမ်း

၅. တရားဟောရာကျမ်း

ပရောဖက်ကျမ်း(The Prophets)

**က။ အရင် ပရောဖတ်ကျမ်းများ**

၁။ယေရှုမှတ်စာ

၂။ တရားသူကြီးမှတ်စာ

၃။ ဓမ္မရာဇဝင် ပထမ+ဒုတိယစောင်

၄။ ဓမ္မရာဇဝင်တတိယ+စတုတ္ထစောင်

**ခ။ နောက်ပရောဖက်ကျမ်းများ**

၁။ဟေရှာယအနာဂတ္တိကျမ်း

၂။ ယောမိ အနာဂတ္တိကျမ်း

၃။ ယေဇကျေလ အနာဂတ္တိကျမ်း

၄။ အခြားသော ပရောဖက်၁၂ ကျမ်း

ကျမ်းစာအုပ်များ(The writting)

က။ ကဗျာနှင့်ဆိုင်သောကျမ်းစာအုပ်များ

၁။ဓာလံကျမ်း

၂။ သုတ္တံကျမ်း

၃။ ယောဘ ဝတ္တုကျမ်း

ခ။ ငါးလိပ်ကျမ်း (Five Rolls)

၁။ ရှောလမုန် သီချင်း

၂။ရုသဝတ္တု

၃။ယေရမိမြည်တမ်း စကား

၄။ဧသတာဝတ္တု

၅။ ဒေသနာကျမ်း

ဂ။ သမိုင်း နှင့် ဆိုင်သောကျမ်း (Historical Books)

၁။ ဒံယေလ အနာဂတ္တိကျမ်း

၂။ ဧဇရမှတ်စာ နှင့်နေဟမိမှတ်စာ

၃။ရာဇဝင်ချုပ် ပဌမ + ဒုတိယစာစောင်

ရှင်လုကာခရစ်ဝင်ကျမ်း ၂၄း ၄၄

(ယေရှုက) " တဖန်မိန့်တော်မူသည်ကား၊ မောရှေ၏ ပညတ္တိကျမ်းစာ၌၎င်း၊ ပရောဖက်တို့၏ ကျမ်းစာ၌၎င်း၊ ဆာလံ ကျမ်းစာ၌၎င်း၊ ငါ့ကိုရည်မှတ်၍ ရေးထားသမျှသော အချက်တို့သည် ပြည့်စုံရမည်ဟု ငါသည် သင့်တို့နှင့် အတူရှိစဉ်အခါ သင်တို့အား ဟောပြောသော အကြောင်းအရာတို့ကား ဤအကြောင်းရာပေးတည်းဟု မိန့်တော်မူ၏။"

- ကျွမ်းဦးကျမ်း (မူရင်းဆိုလိုရင်း အစ (သို့)အရင်းအမြစ် ) သည် (Penta teuch (သို့) Torah လို့ခေါ်တဲ့ ကျမ်းစာ ငါးအုပ်အနက်) ပထမဆုံးသော ပညတ္တိကျမ်းဖြစ်ပါသည်။
- မောစီရေးသားထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ပါသည်။ (တရားဟောရာ ၂၄- ၂၆)
- ယေရှု နှင့် ဂျူးလူမျိုးတို့သည် ဟောပြကျမ်းစာများ၏ စည်းလုံးဆက်မှုကို အပိုင်းသုံးပိုင်းဖြစ် သွန်သင်ခဲ့ကြသည်။ (လုကာ ၂၄း ၄၄)
- ဓမ္မဟောင်း (မူရင်းဆိုလိုရင်း "ပဋိညာဉ်") ကျမ်းစာများ၏ အဓိကရည်ရွယ်ချက်မှာ ယေရှုမေစီယ (မူရင်းဆိုလိုရင်း "ခရစ်တော်") ၏ အသက်တာနှင့် လုပ်ဆောင်ချက်တို့ကို ဖော်ထုတ်ပြသရန် ဖြစ်ပါသည်။

<u>ကျွမ်းဦးကျမ်း၏ စည်းလုံးညီညွတ်မှုနှင့် ယုံကြည်အားထားစရာကောင်းမှု</u>

၁။ ကျွမ်းဦးကျမ်း၏ ပထဂီအနေအထားကိုရေးဆွဲခြင်း

ကျွမ်းဦးကျမ်းထဲက အဓိကအရေးကြီးဆုံးသော နေရာ သုံးခုကို မှတ်သားထားပါ။

-------------------------------- (၁- ၂၂)

-------------------------------- (၁၂ - ၃၆)

-------------------------------- (၃၇- ၅၀)

## ၂။ ကမ္ဘာဦးကျမ်း၏ မျိုးရိုးစဉ်ဆက် ဖော်ပြချက်များ

- ကမ္ဘာဦးကျမ်းသည် မျိုးရိုးစဉ်ဆက် (၁၀)ဆက်ဖြင့် ဖွဲ့စည်းထားသည်။ ထိုမျိုးဆက်တစ်ခုခြင်း စီတိုင်းကို ဟေဗြဲစကားလုံး "Toledot" ဆိုတဲ့ " မျိုးဆက်များ၏ မှတ်တမ်း" ဆိုတဲ့စကားလုံးဖြင့် ဖော်ပြခဲ့သည်။
- ဘုရားသခင်၏ ကယ်တင်ခြင်းနှင့်ဆိုင်သော မျိုးရိုးစဉ်ဆက်နှင့် အကြံစည်တော်ကို သိရှိနားလည် နိုင်ရန်အဓိကရည်ရွယ်ချက် ထူးခြားဆန်းကျယ်စွာ ဖွဲ့စည်းစီစဉ်ထားတဲ့ မှတ်တမ်းစုစည်းမှု ဖြစ်သည်။

ကမ္ဘာဦး ၁း ၁ - ၂း ၃ နိဒါန်း

" အစအဦး၌ ထာဝရဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏" (ကမ္ဘာဦး ၁း ၁)

၂း ၄ - ၄း ၂၆ (ကောင်းကင်နှင့်မြေကြီး၏ မျိုးဆက်)

" ဤအကြောင်းအရာကား၊ ထာဝရအရှင်ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသောနေ့၊ ဖန်ဆင်းရာကာလ၌ ကောင်းကင်နှင့် မြေကြီး၏ မူလအတ္ထုပ္ပတ္တိပေတည်း" (ကမ္ဘာဦး ၂း ၄)

၅ း ၁ - ၆း ၈ အာဒံ၏ မျိုးဆက်များ

အာဒံ ၏ သားစဉ်မြေးဆက် စာရင်းဟူမူကား/ လူကိုဖန်ဆင်းတော်မူသော ကာလ၌ မိမိပုံသဏ္ဍာန်နှင့် အညီ ဘုရားသခင်ဖန်ဆင်းတော်မူ၏။ (ကမ္ဘာဦး ၅း ၁)

၆ း ၉ - ၉ း ၂၉ နောဧ ၏ မျိုးဆက်များ

" နောဧ အတ္ထုပ္ပတ္တိဟူမူကား .....။" (ကမ္ဘာဦး ၆း ၉)

၁၀း ၁- ၁၁း ၁၉ ရှေမ၏ မျိုးဆက်များ

"ရေလွှမ်းမိုးသော နောက်၊ နောဧသား ရှေမ၊ ဟာမ၊ ယာဖက် တို့မှ ဆင်းဆက်သော သားစဉ်မြေးဆက် တို့၏ အတ္ထုပ္ပတ္တိဟူ မူကား ...။ (ကမ္ဘာဦး ၁၀း ၁ )

၁၁း ၂၇ - ၂၅း ၁၁ တေရ ၏ မျိုးဆက်များ

"တေရ၏ သားစဉ်မြေးဆက်ဟူမူကား .... ။" (ကမ္ဘာဦး ၁၁း ၂၇)

၂၅း ၁၂ - ၁၈ ဣရှမေလ၏ မျိုးဆက်များ

" စာရာ၏ ကျွန်မ၊ အဲဂုတ္တုအမျိုးသား၊ ဟာဂရ ဘွားမြင်သော အာဗြဟံသား ဣရှမေလ၏ သားစဉ်မြေးဆက်၏ အတ္ထုပ္ပတ္တိဟူမူကား... ။ (ကမ္ဘာဦး ၂၅း ၁၂)

၂၅း ၁၉ - ၃၅း ၂၉ ဣဇာက်၏ မျိုးဆက်များ

"အာဗြဟံသားဣဇာက်၏သား စဉ်မြေးဆက်ဟူမူကား .....။ (ကမ္ဘာဦး ၂၅း ၁၉)

၃၆း ၁ - ၃၇း ၁ ဧသော၏ မျိုးဆက်များ

" ဧဒုံအမည်ရှိသော ဧသောအမျိုးနွယ်၏ အတ္ထုပ္ပတ္တိများဟူမူကား ....။ (ကမ္ဘာဦး ၃၆း ၁)

၃၇း ၂- ၅၀း ၂၆ ယာကုပ်၏ မျိုးဆက်များ

" ယာကုပ်အမျိုးအနွယ်၏ အတ္ထုပတ္တိများဟူ မူကား ....။ (ကမ္ဘာဦး ၃၇း ၂)

၃။ ကမ္ဘာဦးကျမ်း၏ စည်းလုံးညီညွတ်မှုကို ဖော်ပြခြင်း

- ကမ္ဘာဦးကျမ်း၏ စည်းလုံးမှုရှိခြင်းသည် လူနေမှုအဖွဲ့အစည်း၏ ဖြစ်ရပ်မှန်ကို နားလည်ခြင်း၊ ယေရှုခရစ်တော်၏ သွန်သင်ချက်နှင့် ၄င်းကျမ်းစာထဲမှာ ပါရှိသော အကြောင်းအရာ အလုံးစုံ တို့သည် ခိုင်လုံစွာထင်ရှားစေသည်။
- အကျိုးအကြောင်းဆီလျော်မှုမရှိသော အချို့သောစာရေးဆရာတို့လို မဟုတ်ဘဲ တိကျမှန်ကန်ခြင်း၊ (ဥပမာ - Docuentary Hypothesis suggested authours; JEDP) ။ မှတ်ချက်။ Jaweh (J-yahweh) နှင့် (E-God) ဆိုတဲ့စကားလုံးအတူတကွ (ကမ္ဘာဦး ၂း ၄) ၌အသုံးပြုထားပါသည်။
- အသေးစိတ်တိကျမှန်ကန်စွာ ကျမ်း ပြုစုလေ့လာခြင်းက ____________ စာအုပ်ကို ရှင်သန်မှုရှိကြောင်း ထင်ရှားစေသည်။ (၁၁ ရာစု)
- (ခရစ်မပေါ်မီ ရာစု ၁-၂)၌ပင်လယ်သေနားမှာ ရှာဖွေတွေ့ရှိသော ကျမ်းစာလိပ်သည် သေတာဂတ္တုံကျမ်းမှ အပ ကျန်တဲ့ ဟေဗြဲကျမ်းစာအားလုံးပြည့်စုံစွာပါရှိခြင်းသည် ကမ္ဘာဦးကျမ်း၏ မှန်ကန်မှု စည်းမှုရှိခြင်းကို ဖော်ထုတ်ပြသနေသည်။ (www.deadseascrolls.org)မှာ အသေးစိတ် လေ့လာနိုင် သည်။

ကမ္ဘာဦးကျမ်း၏ တိကျမှန်ကန်မှုရှိခြင်း

ကမ္ဘာဦးကျမ်းကို သိရှိနားလည်နိုင်ရန် သမ္မာကျမ်းစာကို အခြေခံ၍ နည်းလမ်းပေါင်းစုံဖြင့် ချိန်းကပ်လေ့လာခြင်း။

- မျိုးစေ့များ ။ ။ ကမ္ဘာဦးကျမ်းသည် အချိန်တိုင်း၌ ကျွန်ုပ်တို့၏ စိတ်နလုံးထဲမှာ အသက်၏ မျိုးစေ့နှင့်သမ္မာတရားကို ကြဲချသော မြေနေရာဖြစ်သည်။
- မျိုးရိုးဗီဇ။ ။ ကမ္ဘာဦးကျမ်းသည် သမ္မတရား၏ ဗီဇလှော်ကန်လိုဖြစ်သည်။ မျက်စိဖြင့် ထင်ရှားစွာ မမြင်ရပေမည့် App တစ်ခုကိုဖိုရန် ကွန်ပျူတာကုတ်နံပါတ် မရှိမဖြစ် လိုအပ်သလို သမ္မာတရားကို သိကျွမ်းဖို့နှင့် ထာဝရတရားသခင်ကို သိကျွမ်းနိုင်ဖို့ သိပ်ကို အရေးကြီးလွန်းတဲ့ ကျမ်းဖြစ်သည်။
- ____________။ ကမ္ဘာဦးကျမ်းသည် တကယ်တိကျမှန်ကန်သော ပုံပြင် အဖြစ်အပျက်

  ကိုင်၄င်း၏လက္ခဏာအစုံအလင်နှင့် ဘုရားသခင်၏ လျှို့ဝှက်အကြံ စည်တော်တို့ကို တိကျသေချာစွာမိတ်ဆက်ပေးပါသည်။ (ဖေဂီလီ သတင်းလောင်းအကြံထည်)
- ပရောဖက်ပြုခြင်း။ ။ ကမ္ဘာဦးကျမ်းလာမည့်အနာဂတ်တွင် (ဖြစ်ပျက်မည့်အရာများကို တိကျမှန်ကန်စွာ ပရောဖက်ပြုပေးသည်။ (ကမ္ဘာဦး ၃း ၁၅-၁၆)
- သမိုင်းအဖြစ်ပျက်။ ။ ကမ္ဘာဦးကျမ်းသည် ရှေးခေတ်နှင့် မျက်မှောက်ခေတ်ကိုချိန်ဆက် ပေးသော သော့ချက်ဖြစ်ပါသည်။

**အကျဉ်းချုပ်။ ။ ကျွန်ုပ်တို့အသက်တာအောင်မြင်ခြင်း**

- ကျမ်းဦးကျမ်းသည် ကျွန်ုပ်တို့အသက်တာကို တည်ဆောက်စေမည့် ဘုရားသခင် အလိုတော်ဖြစ်သော ကိုယ်ကျင့်တရားနှင့် သီအိုလောဂျီကို ပေးပါသည်။
  (ဥပမာ ။ ထိမ်းမြားလက်ထပ်ခြင်း၊ ပြဿနာရင်ဆိုင်ခြင်း၊ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်း၊ အခြားသတ္တဝါတို့နှင့် မတူတဲ့ လူသား၏ ထူးခြားမှုနှင့် ၎င်းဘုရားသခင်၏ အလိုတော် စသည်ဖြင့်။)
- ကျမ်းဦးကျမ်းသည် ကျွန်ုပ်တို့၏ဘဝ၌ ရှာဖွေနေသောအရာများကို တွေ့ရှိဖို့အလို့ငှာ မှန်ကန်သော မေးခွန်းများ ကို ကျွန်ုပ်တို့အား မိမိကိုယ်ကိုမိမိမေးမြန်းစေနိုင်ဖို့လမ်းညွှန်ပေးပါသည်။
- ဘုရားသခင်သည် လောကကြီးကို နှုတ်ဖြင့် ဖြစ်တည်စေခြင်းသည် (ဘုရားသခင်၏ ယေဘုယျဖွင့်ပြချက်)ဖြစ်ပြီး၊ ဘုရားသခင်သည် သူ၏ အကြံစည်းတော်တို့ကို ကျွန်ုပ်တို့ဆီသို့ ဖွင့်ပြောပြီး စာရေးသား ပေးပို့လာတာဟာ (ဘုရားသခင်၏ မိမိကိုယ်မိမိအထူးဖွင့်ပြခြင်း)ဖြစ်ပါသည်။

**ဆွေးနွေးရန် မေးခွန်းများ**

- ကျမ်းဦးကျမ်း၏ ဘယ်အပိုင်းကို အရင်တုန်းကလေ့လာသင်ယူခဲ့တဲ့အချိန်ထက် အခုလေ့လာသင်တဲ့ အချိန်မှာ ပိုမိုထိရောက်စွာ နားလည်လာတယ်လို့ သင်ထင်သလဲ။
- ငါတို့၏ အသက်တာနှင့်ယုံကြည်ချက်အတွက် အခြေခံအုတ်မြစ်ကို ဘယ်လိုချမှတ်ထားဖို့ ကျမ်းဦးကျမ်းက ပြောပြထားသလဲ။
- ကျမ်းဦးကျမ်း၌ရှိသော ကျမ်းစာအားလုံးသည် ယုံကြည်စိတ်ချဖို့ရန် ထိုက်တန်ကြောင်း သက်သေပြချက် (သို့) အကြောင်းပြချက်များကို ပေးပါ။